ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

## မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် စင်ကာပူနိုင်ငံအစိုးရ တို့အကြား သာမန် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန်ကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ် တရားဝင်စာလွှာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ၊ သံအမတ်ကြီး မစ္စတာရောဘတ်ချွာတို့မှ ၇-၆-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ လက်မှတ်ရေးထိုး လဲလှယ်ခဲ့ပြီးဖြစ်ပါသည်။ ဤသဘောတူစာချုပ်သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ စတင်၍ အသက်ဝင်အတည်ဖြစ်မည် ဖြစ်ပါသည်။

၂။ အထက်ပါ သဘောတူညီချက်စာချုပ်အရ နိုင်ငံကူးလက်မှတ်သက်တမ်း အနည်းဆုံး (၆)လရှိသော သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ စာချုပ်ဝင်နိုင်ငံ၏ နိုင်ငံသားများသည် အခြား စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်မြေအတွင်းသို့ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းနှင့် ဖြတ်သန်း သွားလာခြင်းတို့အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြည်ဝင်ဗီဇာ မလိုဘဲ ဝင်ရောက်၊ ထွက်ခွာ၊ ဖြတ်သန်းသွားလာနိုင်ပြီး၊ ရက်ပေါင်း(၃၀)ရက်ထက် မကျော်လွန်သည့် ကာလအတွက် ဗီဇာကင်းလွတ်ခွင့်ရမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်၊ အာဆီယံဗီဇာကင်းလွတ်ခွင့် မူဘောင်သဘောတူညီ ချက်နှင့်အညီ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်လည်း အလားတူသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

၄။ ပူးတွဲပါဇယားမှာ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်း ဗီဇာကင်းလွတ်ခွင့်လက်မှတ်ရေးထိုးထား သော နိုင်ငံများ (၂၀၁၆ ခုနှစ်၊ ဇွန်လအထိ) ဖြစ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

## List of Countries Having Bilateral Visa Exemption Agreements with Myanmar

(As of June 2016)

*In Alphabetical Order*

| Sr. No | Country | Diplomatic Passport Holder | Duration of Stay | Official/ Service Passport Holder | Duration of Stay | Ordinary Passport Holder | Duration of Stay |
|---|---|---|---|---|---|---|---|
| 1. | Bangladesh | ✓ | 90 days | ✓ | 90 days | ✗ | |
| 2. | Belarus | ✓ | 30 days | ✓ | 30 days | ✗ | |
| 3. | Brazil | ✓ | 30 days | ✓ | | ✗ | |
| 4. | Brunei Darussalam * | ✓ | 14 days | ✓ | 14 days | ✓ | 14 days |
| 5. | Cambodia * | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 6. | China(P.R.C) | ✓ | 30 days | ✓ | 30 days | ✗ | |
| 7. | India | ✓ | 90 days | ✓ | 90 days | ✗ | |
| 8. | Indonesia * | ✓ | 14 days | ✓ | 14 days | ✓ | 14days |
| 9. | Korea (Democratic People's Republic of Korea) | ✓ | 30 days | ✓ | 30 days | ✗ | |
| 10. | Korea (Republic of Korea) | ✓ | 90 days | ✓ | 90 days | ✗ | |
| 11. | Laos * | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 12. | Malaysia * | ✓ | 30 days | ✓ | 30 days | ✗ | |
| 13. | Mongolia | ✓ | 30 days | ✓ | | ✗ | |
| 14. | Philippines * | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 15. | Russia | ✓ | 90 days | ✓ | 90 days | ✗ | |
| 16. | Singapore * | ✓ | 30 days | ✓ | 30 days | ✓ | 30 days |
| 17. | Thailand * | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 18. | Vietnam * | ✓ | 30 days | ✓ | 30 days | ✓ | 14 days |

N.B.:

- Asterisk * denotes the Member Stated of the ASEAN
- According to these bilateral agreements, the Myanmar officials, holding either diplomatic or official passports, are kindly requested to check the visa requirements for their preparation of the trip. If unclear, please contact the Consular Department. (067-412063)